# မြန်မာဘာသာစကားတွင် ဘာသာစကားပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ပြင်ပပြောင်းလဲမှု

မြမြဝင်း[၁]


**စာတမ်းအကျဉ်း**

ဤစာတမ်းသည် မြန်မာဘာသာစကားတွင် တွေ့ရှိရသည့် ဘာသာစကား ပြောင်းလဲမှုကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဘာသာစကားသည် နေ့စဉ် အသုံးပြုလျက်ရှိသည့်အတွက် ရှင်သန်နေသည့်ဘာသာစကားဖြစ်ပါသည်။ ထိုကြောင့် ဘာသာစကားသည် အချိန်နှင့်အမျှကွဲပြားမှု၊ ပြောင်းလဲမှုများ ဖြစ်ပေါ် နိုင်ပါသည်။ ထိုပြောင်းလဲမှုမှ ပြင်ပပြောင်းလဲမှုကို လေ့လာဖော်ထုတ်ထားပါသည်။ ဤစာတမ်းတွင် ဘာသာစကားပြောင်းလဲမှုကို လေ့လာဖော်ထုတ်ရာတွင် အခန်း(၃)ခန်းခွဲ၍ တင်ပြထားပါသည်။ အခန်း (၁)တွင် သုတေသနပြုစုရာတွင် အသုံးပြုသည့် သီအိုရီနှင့် လေ့လာမှုနယ်ပယ်၊ အခန်း(၂)တွင် လူမှုဘာသာဗေဒ နှင့် ဘာသာစကားပြောင်းလဲမှု၊ အခန်း(၃)တွင် ဘာသာစကား ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ပြင်ပပြောင်းလဲမှုဟူ၍ လေ့လာဖော်ထုတ်ထားပါသည်။


**သော့ချက်ဝေါဟာရ** – လူမှုဘာသာဗေဒ၊ ဘာသာစကားပြောင်းလဲမှု၊ ဘာသာစကား ထိတွေ့မှု၊ ပြင်ပ ပြောင်းလဲမှု၊ အတွင်းပြောင်းလဲမှု။

## နိဒါန်း

ဤစာတမ်းသည် မြန်မာဘာသာစကားတွင် တွေ့ရှိရသည့် ဘာသာစကားပြောင်းလဲမှုများကို ဖော်ထုတ်ထားခြင်းဖြစ်ပါသည်။ ဘာသာစကားပြောင်းလဲမှုသည် လူ့အဖွဲ့အစည်းတစ်ခုတွင် နေ့စဉ် ပြောဆိုသုံးစွဲနေသည့် ဘာသာစကားသည် အချိန်ကာလပေါ်မူတည်၍လည်းကောင်း၊ ဘာသာစကား ထိတွေ့မှုကြောင့်လည်းကောင်း၊ လူမှုကိစ္စအသစ်တို့အတွက် လိုအပ်သည့် အချက်များကြောင့် လည်းကောင်း ဘာသာစကားသည် ပြောင်းလဲမှုများဖြစ်ပေါ်စေပါသည်။ ထိုသို့ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် စကားလုံးများ၏ကဏ္ဍများကို ခွဲခြားလေ့လာ ဖော်ထုတ်ထားပါသည်။

## ၁။ သုတေသနပြုစုရာတွင် အသုံးပြုသည့် သီအိုရီနှင့် လေ့လာမှုနယ်ပယ်

ဤစာတမ်းသည် မြန်မာဘာသာစကားတွင်တွေ့ရှိရသည့် ဘာသာစကားပြောင်းလဲမှုကို လူမှုဘာသာဗေဒရှုထောင့်မှ သုတေသနပြုမည်ဖြစ်ပါသည်။ မြန်မာစကားတွင် လူမှုကိစ္စ အကြောင်းများကြောင့် ဖြစ်ပေါ်လာသော ဘာသာစကားပြောင်းလဲမှုကို လေ့လာရာတွင် ပြင်ပပြောင်းလဲမှုများကိုသာ လေ့လာထားခြင်း ဖြစ်ပါသည်။

### ၁၊ ၂။ သုတေသနပြဿနာ

မြန်မာဘာသာစကားတွင် လူမှုကိစ္စအသစ်များကြောင့် ဘာသာစကားထိတွေ့မှုဖြစ်စေပြီး ဘာသာစကားပြောင်းလဲမှု ဖြစ်ပေါ်စေပါသည်။ ထိုသို့ပြောင်းလဲမှုကြောင့် စကားလုံးချေးငှားမှုများ တိုးပွားလာခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို စိစစ်ဖော်ထုတ်ရခြင်းဖြစ်ပါသည်။

## ၂။ လူမှုဘာသာဗေဒ (SOCIOLINGUISTICS)

လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အပြန်အလှန် ဆက်စပ်မှုကို လေ့လာခြင်း ဖြစ်သည်။

ဘာသာဗေဒပညာရှင် ဒေးဗစ်ခရစ်စတယ် (David Crystal)က–

၁ ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

> လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူမှုရေးနှစ်ခုကြားရှိ ဆက်သွယ်မှုကို ရှုထောင့်အထွေထွေမှ အမျိုးမျိုးအဖုံဖုံ လေ့လာသော ဘာသာဗေဒ မျိုးခွဲတစ်ခု ဖြစ်သည်။ လူမှုအဖွဲ့အစည်းများ၏ ဘာသာဗေဒဆိုင်ရာထူးခြားမှု၊ ဘာသာစကား ဆိုင်ရာ လူမှုသဘောထား၊ ဘာသာစကား၏ စံနှင့် စံမဟုတ်သော ပုံသဏ္ဍာန်များ၊ ဘာသာစကား၏ ကွဲပြားသည့် လုပ်ငန်းဆောင်တာအမျိုးမျိုး၊ ဘာသာစကား အသွင်ကွဲများနှင့် အဆင့်များ၊ ဘာသာစကားအများသုံးစနစ်၏ လူမှုအခြေခံ စသည် တို့ကို လေ့လာသောပညာရပ်ဖြစ်သည်။ (Crystal, 2008, 353-354)

စသည်ဖြင့် လူမှုဘာသာဗေဒသဘောတရားများကို ဖွင့်ဆိုကြပါသည်။

တစ်ဖန် ''အော့စ်ဖိုဒ်အဘိဓာန်''တွင် လူမှုဘာသာဗေဒနှင့် ပတ်သက်၍

> (နာမ်)လူမှုအလွှာ၊ နေထိုင်ရာဒေသ၊ ကျားမလိင်စသည့် အမျိုးမျိုးတို့က ဘာသာစကားကို မည်သို့၊ မည်ပုံ ထိခိုက်ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်ကို လေ့လာသော ပညာရပ်ဖြစ်သည်။ (Oxford Advanced Learner's Dictionary P. 1483)

ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

## ၂၊ ၁။ ဘာသာစကားပြောင်းလဲမှု (Language Change)

လူသားတိုင်း နေ့စဉ်ပြောဆိုနေကြသော ဘာသာစကားသည် လူ့အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု ဆက်သွယ်မှုကြောင့်လည်းကောင်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ လူမှုကိစ္စသစ်အမျိုးမျိုးတို့ကြောင့် လည်းကောင်း၊ ဘာသာစကား တစ်မျိုးနှင့်တစ်မျိုး ထိတွေ့မှုကြောင့်လည်းကောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လာပေသည်။

လူမှုဘာသာဗေဒရှုထောင့်မှ ဘာသာစကား ပြောင်းလဲမှုကို လေ့လာရာတွင် ပြင်ပပြောင်းလဲမှု (external change)နှင့် အတွင်းပြောင်းလဲမှု(interanal change)ဟူ၍ ပြောင်းလဲမှုပုံစံနှစ်မျိုးရှိသည်။

> ပြင်ပပြောင်းလဲမှုသည် ဘာသာစကားထိတွေ့မှု(language contact)ကြောင့် ဖြစ်ပေါ် လာသည်။ ဘာသာစကားမတူသည့် လူ့အဖွဲ့အစည်းနှစ်ခုတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုစသည့် အကြောင်း တစ်စုံတစ်ခုကြောင့် ဆုံဆည်းမိကြသောအခါ ဘာသာစကားထိတွေ့မှုကို ဖြစ်လာသည်။ (အောင်မြင့်ဦး၊ ၂၀၀၃၊ စာ ၁၂၀)

စသည့်အကြောင်းရင်းများကြောင့် ဘာသာစကားသည် ပြောင်းလဲမှုများ ဖြစ်ပေါ်ရပေသည်။

## ၂၊ ၂။ ပြင်ပပြောင်းလဲမှု (external change)

ဘာသာစကားသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့ အကြောင်း အမျိုးမျိုးကြောင့် ဆုံဆည်းကြပြီး ဘာသာစကားထိတွေ့မှုများဖြစ်ပေါ်လာကြပေသည်။ ထိုသို့ဘာသာ စကားထိတွေ့ရခြင်းကြောင့် ဘာသာစကားပြောင်းလဲမှုဖြစ်ပေါ်စေပြီး ဘာသာစကားပြောင်းလဲမှု၏ ကဏ္ဍ တစ်ခုဖြစ်သည့် ပြင်ပပြောင်းလဲမှုတွင် ထင်ရှားသည့် ဝိသေသလက္ခဏာတစ်ရပ်မှာ စကားလုံး ချေးငှားခြင်း (borrowing) ဖြစ်ပါသည်။ စကားလုံးချေးငှားခြင်းတွင် အဓိကနည်းလမ်းသုံးမျိုး ရှိနိုင်ပါသည်။ (၁)အသံလှယ်ချေးငှားခြင်း (borrowing transliteration) (၂) ဘာသာပြန်မွေးစားခြင်း (loantranslation) (၃) ပေါင်းစပ်မွေးစားခြင်း (new compound loanword) တို့ဖြစ်သည်။ (အောင်မြင့်ဦး၊ ၂၀၀၃၊ စာ ၁၂၁)

## ၃။ မြန်မာဘာသာစကားတွင် တွေ့ရှိရသည့် ဘာသာစကားပြောင်းလဲမှု

ဘာသာစကားပြောင်းလဲမှုတွင် အဓိကပြောင်းလဲမှု (၂)မျိုးရှိသည်။ ပြင်ပပြောင်းလဲမှုနှင့် အတွင်းပြောင်းလဲမှုပုံစံမှ ဤစာတမ်းတွင် ပြင်ပပြောင်းလဲမှုပုံစံဖြစ်သည့် စကားလုံးများကို စိစစ်ဖော်ထုတ်တင်ပြမှာ ဖြစ်ပါသည်။ ထိုသို့စိစစ်ဖော်ထုတ်ရာတွင် အပိုင်း (၃)ပိုင်းခွဲ၍ ဖော်ထုတ်မှာ ဖြစ်ပါသည်။

### ၃၊ ၁။ အသံလှယ်ချေးငှားခြင်း (borrowing transliteration)

မြန်မာဘာသာစကားသည် အင်္ဂလိပ်ဘာသာစကားနှင့် အများဆုံးထိတွေ့လျက်ရှိခဲ့ပြီး ယခုမျက်မှောက်ကာလတွင် နိုင်ငံခြားဘာသာစကားအမျိုးမျိုးနှင့် ထိတွေ့လျက်ရှိနေလေသည်။ ထို့ကြောင့် နိုင်ငံခြားဘာသာစကား အသုံးအနှုန်းများသည် အကြောင်းအမျိုးမျိုးဖြင့် မြန်မာ ဘာသာစကားအတွင်းသို့ အဆက်မပြတ်ဝင်ရောက်လျက်ရှိပါသည်။ အသံလှယ်ချေးငှားသည့် အဆင့်တွင် မူရင်းစကားလုံး အသံနှင့်နီးစပ်ရန် မလိုဘဲ မိမိဘာသာစကား၏ အသံနှင့် အဆင်ပြေစွာ ပြောဆိုအသုံးပြုခြင်းဖြစ်ပါသည်။ အသံလှယ်ချေးငှားခြင်းနှင့် ပတ်သက်၍ ဘာသာစကားပညာရှင်များက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ "လူမှုဘာသာဗေဒအဘိဓာန်" တွင်

> အသံလှယ်ချေးငှားခြင်းသည် ဘာသာစကားထိတွေ့မှုကြောင့် အခြားဘာသာစကားတစ်ခုမှ စကားလုံးသည် အခြားဘာသာစကားတစ်ခုထဲသို့ ဝင်ရောက်လာသည့်အခါပေါ်ပေါက်လာသည်။ ထိုချေးငှားအသုံးပြုသည့် စကားကို မွေးစားစကားလုံးဟုသတ်မှတ်နိုင်သည်။ လက်ခံဘာသာစကား စကားဖွဲ့ထုံးနှင့် ပြုပြင်၍အသုံးပြုခြင်းဖြစ်သည်။ သဒ္ဒါပုံသဏ္ဍာန်အရ ထိုကဲ့သို့ ချေးငှားခြင်းသည် ဖြစ်နိုင်သော်လည်း ဘာသာပြန်စကားလုံးပုံစံဖြင့်လည်း တွေ့နိုင်သည်။ (Swann, J, 1988, P.30)

ဟူ၍ ဖွင့်ဆိုထားသည်။

ထိုစကားလုံးများမှ အသံလှယ်ချေးငှားခြင်းစကားလုံးများကို အောက်ပါသာဓကများအရ သိရှိနိုင်ပါသည်။

ကွာရန်တင်း(Quarantine)၊ ကိုရိုနာဗိုင်းရပ်စ်(CORONA VIRUS)၊ အယ်ကိုဟောလ် (alcohol)၊ ကိုဗစ် (COVID)စသည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးစကားလုံးများကို တွေ့ရသည်။ ဆူရှီ (sushi)၊ ကော်ဖီ (coffee)၊ ပီဇာ (pizza)၊ စပါကတီ (spaghetti)၊ ဟန်ဘာဂါ (hum burger)၊ ကိုကိုး (cocoa)၊ ချောကလက် (chocolate)၊ ရှန်ပိန် (champagne) စသည့် အစားအသောက်ဆိုင်ရာ စကားလုံးများကို တွေ့ရှိရပါသည်။ ကင်မရာ (Camera)၊ ကွန်ပျူတာ (Computer)၊ အင်တာနက် (internet) စသည့် အသုံးအဆောင်ဆိုင်ရာ စကားလုံးများကိုလည်း တွေ့ရှိရပါသည်။ ဘိလိယက်(billiards)၊ ဘော်လီဘော (volley-ball)၊ ဘတ်စ်ကတ်ဘော (basketball)၊ တင်းနစ် (tennis)၊ စကိတ် (skate)၊ ဂေါက် (golf) စသည့် အားကစားဆိုင်ရာ စကားလုံးများကိုလည်း တွေ့ရှိရပါသည်။ ဘင်ဂျို (banjo)၊ ဂီတာ (guitar)၊ မယ်ဒလင် (mandolin)၊ ဘဲလေး (ballet) စသည့် တူရိယာပစ္စည်းဆိုင်ရာစကားလုံးများကိုလည်း တွေ့ရပါသည်။ ဒီဇယ် (diesel)၊ အင်ဂျင် (engine)၊ ထရန်စစ္စတာ (transistor)၊ မော်တာ (motor)၊ ဂီယာ (gear)၊ နိုက်ထရိုဂျင် (Nitrogen)၊ ဝါယာ (wire)၊ အလိုင်းမင်း (Aligement)၊ မီတာ (meter)၊ မိုင် (mile)၊ တော်ပီဒို (torpedo)၊ မော်လီကျူး (molecule)၊ အိုလံပစ် (Olympic)၊ ကွန်ကရစ် (concrete)၊ ကွန်ဖရင့် (conference)၊ ကက်ဗီနက် (cabinet)စသည့် စက်ကိရိယာဆိုင်ရာစကားလုံး များကိုလည်း တွေ့ရသည်။

ထို့အပြင် အွန်လိုင်း (online)၊ ဆက်တင် (setting)၊ ကော်မတီ (committee)၊ ဘက်တီးရီးယား (becteria)၊ ဗိုင်းရပ်စ် (virus)၊ ရှယ်ယာ (share)၊ ဖက်ရှင် (fashion)၊ ဒီဇိုင်း (design)၊ တိုက်ဖွိုက် (typhoid)၊ ပါတီ (party)၊ ပါဝါ (power)၊ မန်နေဂျာ (manager)၊ ဘန်ကောက် (Bangkok)၊

မော်ဖီးယား (morphia)၊ ကော်ပိုရေးရှင်း (corporation)၊ ဘော်ဒါ (boarder)၊ ကုဒ် (code)၊ အကောင့် (Account)၊ ဘဏ် (bank)၊ စတစ်ကာ (sticker)၊ ဘိုကင် (booking)၊ ဖိုင်ဘာ (Fiber) စသည့် စကားလုံးများကိုလည်း တွေ့ရှိရပါသည်။

## ၃၊၂။ ဘာသာပြန်မွေးစားခြင်း (loan translation)

မြန်မာဘာသာစကားတွင် ဝင်ရောက်နေသော ဘာသာပြန်မွေးစားစကားလုံးများသည်လည်း ဘာသာခြားစကားလုံးများ ထိတွေ့မှုကြောင့်လည်းကောင်း လူမှုကိစ္စအသစ်များ၏ လိုအပ်ချက်များကြောင့်လည်းကောင်း ဘာသာပြန်မွေးစားသည့် စကားလုံးများကိုလည်း အောက်ပါသာဓက စကားလုံးများတွင် တွေ့ရှိရပါသည်။

"Research Journal" ကို "သုတေသန ဂျာနယ်"၊ "Research proposal" ကို "သုတေသန အဆိုပြုလွှာ"၊ "Research grant"ကို "သုတေသန ထောက်ပံ့ကြေး"၊ "New finding" ကို "သုတေသန တွေ့ရှိချက်အသစ်"၊ "local research" ကို "ဒေသအလိုက် ပြုလုပ်သော သုတေသန"၊ "Hypothesis" ကို "အဆိုကြမ်း"၊ "Ethical Research Committee"ကို "သုတေသနကျင့်ဝတ်ကော်မတီ" စသည့် ပညာရပ်ဆိုင်ရာ ဘာသာပြန်မွေးစားသည့် သုတေသနစကားလုံးများကိုလည်း တွေ့ရပါသည်။

"television"ကို ရုပ်မြင်သံကြား၊ "Calculator" ကို ဂဏန်းပေါင်းစက်၊ "air conditioner"ကို လေအေးပေးစက် ၊ "booster"ကို ထပ်ဆောင်း ၊ "air force"ကို လေထပ် ၊ "air waves"ကို လေလှိုင်း၊ "air pump"ကို လေစုပ်စက် ၊ "air speed"ကို လေယာဉ်ပျံသန်းမှုအမြန်နှုန်း၊ "Legal Advocacy center"ကို ဥပဒေအသိပညာပြန့်ပွားရေးဌာန၊ "work shop"ကို အလုပ်ရုံ၊ "Lab" ကို ဓာတ်ခွဲခန်း စသည့်စကားလုံးများလည်း တွေ့ရပါသည်။

## ၃၊ ၃။ ပေါင်းစပ်မွေးစားခြင်း (new compound loanword)

ဘာသာစကား ပြောင်းလဲမှုတွင် ပါဝင်သော ပြင်ပပြောင်းလဲမှု၏ နောက်ဆုံးကဏ္ဍဖြစ်သော ပေါင်းစပ် မွေးစားခြင်းသည်လည်း နိုင်ငံခြားဘာသာစကားများ ထိတွေ့မှုကြောင့်လည်းကောင်း၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ ပညာရေး စသည့်လူမှုကိစ္စ အသစ်များကြောင့်လည်းကောင်း ဖြစ်ပေါ်လာသည့် စကားလုံးများဖြစ်ပါသည်။ ၎င်းစကားလုံးများကို အောက်ပါသာဓကများတွင် တွေ့နိုင်ပါသည်။

"ကိုရိုနာဗိုင်းရပ်စ်ရောဂါ၊ ကိုဗစ်ကာလ၊ ကွာရန်တင်းစင်တာ၊ ကိုဗစ်လူနာဆောင်" စသည့် ကျန်းမာရေးဆိုင်ရာ စကားလုံးသစ်များကို တွေ့ရသည်။ "ယူနီဖောင်းအင်္ကျီ၊ ကာလာခဲရောင်၊ မြူနီဘတ်စ်၊ လည်သာထိုင်ခုံ၊ ကားပါမစ်၊ အင်ဂျင်ပါဝါ"စသည့် အသုံးအဆောင်ဆိုင်ရာစကားလုံးများကို တွေ့ရသည်။ ထို့အပြင် "မိုဘိုင်းဖုန်း၊ လျှို့ဝှက်ကုဒ်၊ ဖိုင်ဘာလှေ၊ လှေဆိုဒ်၊ ကော်ဖီမှုန့်၊ နှပ်ကော်ဖီ၊ တာဝါတိုင်၊ စက်မှုဇုန်၊ မြေချပါမစ်၊ မိတ္တူလျှောက်လွှာ၊ ကုမ္ပဏီဝန်ထမ်း၊ ကွန်တိုမျဉ်း၊ ကိတ်မုန့်၊ ဆိုရှယ်လစ်စနစ်၊ မာကျူရီမီး၊ ဗို့အား၊ ဘက်တံ၊ ဘောလုံးကွင်း၊ ဘော်ဒါဆောင်၊ ဘတ်စကား၊ ရှန်တိန်လုပ် (shunting+ လုပ်) ၊ ကောင်စစ်ဝန်၊ အုပ်ချုပ်ရေးကောင်စီ၊ ဆိုလာပြား၊ IQမြင့် အိုင်ကျူ (IQ)မြင့်၊ ဆီးဂိမ်းပြိုင်ပွဲ၊ နိုင်ငံပိုင်မီဒီယာ စသည်ဖြင့် ပေါင်းစပ်မွေးစားခြင်းကြောင့် ဖြစ်ပေါ်ပြောင်းလဲလာသည့် စကားလုံးသစ်များကို တွေ့ရှိရပါသည်။ ဤသို့ဖြင့် ဘာသာစကား ထိတွေ့မှုကြောင့်လည်းကောင်း၊ လူမှုကိစ္စအသစ်ကြောင့်လည်းကောင်း၊ ပြင်ပအကြောင်းတစ်စုံတစ်ရာကြောင့်လည်းကောင်း ဘာသာစကားသည် ပြောင်းလဲမှုဖြစ်ပေါ်လာကာ စကားလုံးအသစ်များကို

အသံလှယ်ချေးငှားခြင်း၊ ဘာသာပြန်မွေးစားခြင်း၊ ပေါင်းစပ်မွေးစားခြင်းစသော စကားလုံးအသစ်များ တိုးပွားဖွံ့ဖြိုးလာပေသည်။ ဤသို့တိုးပွားခြင်းဖြင့် မြန်မာဘာသာစကားတွင် တိုင်းခြားဘာသာ စကားလုံးများ ဝင်ရောက်တိုးပွားသကဲ့သို့ မြန်မာဘာသာပြန် စကားလုံးသစ်များလည်း တိုးတက်ဖွံ့ဖြိုး လာသည်ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် မြန်မာဘာသာစကားတွင်တွေ့ရှိရသည့် ဘာသာစကားပြောင်းလဲမှုများကို လေ့လာထားပါသည်။ လူမှုဘာသာဗေဒရှုထောင့်မှနေ၍ ဘာသာစကားထိတွေ့မှုကြောင့် ဘာသာစကား ပြောင်းလဲမှုများ ဖြစ်ပေါ်လာပါသည်။ ဘာသာစကားပြောင်းလဲမှုတွင် ပါဝင်သည့် ပြင်ပပြောင်းလဲမှု ပုံစံရှိ ကဏ္ဍ(၃)ခုဖြင့် စိစစ်ဖော်ထုတ်ထားပါသည်။ ပထမကဏ္ဍမှာ အသံလှယ်ချေးငှားခြင်း စကားလုံး များကို စိစစ်ဖော်ထုတ်ထားပြီး ဒုတိယကဏ္ဍမှာ ဘာသာပြန်မွေးစားခြင်း စကားလုံးများ၊ တတိယ ကဏ္ဍမှာ ပေါင်းစပ်မွေးစားခြင်း စကားလုံးများကို စိစစ်ဖော်ထုတ်ထားပါသည်။ ဤသို့ စိစစ်ဖော်ထုတ် ခြင်းဖြင့် မြန်မာဘာသာစကားတွင် တိုင်းခြားဘာသာစကားမှ အသံလှယ်ချေးငှားခြင်းဖြင့် ရရှိလာသော စကားလုံးသစ်များကိုလည်းကောင်း၊ ဘာသာပြန် မွေးစားခြင်းဖြင့် ရရှိလာသည့် စကားလုံးသစ်များ၊ ပေါင်းစပ်မွေးစားခြင်းဖြင့် ရရှိလာသည့် စကားလုံးသစ်များသည် တိုးတက်များပြားနေသည်ကို တွေ့ရှိရပါသည်။ ဘာသာစကား မတူသည့် လူအဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး စသည့် အကြောင်းအမျိုးမျိုးကြောင့် ဆုံဆည်းကြသည့်အခါ ဘာသာစကားထိတွေ့မှုများဖြစ်လာပြီး ဘာသာစကား ပြောင်းလဲမှုကိုဖြစ်ပေါ်စေပါသည်။ ထိတွေ့မှုများ လေလေ၊ လူမှုကိစ္စအသစ်များလေလေဖြစ်ပါသည်။ ဘာသာစကားပြောင်းလဲမှုများလည်း ပိုမိုများ လေလေဖြစ်ပေသည်။ ပြောင်းလဲမှုများလေ စကားလုံးသစ်ဖွံ့ဖြိုးတိုးတက်မှု များလေဖြစ်ပေသည်။ ထိုသို့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေး၊ ပညာရေးစသည့် နယ်ပယ် အသီးသီးတွင် စကားလုံးသစ်များ တိုးတက်များပြားမှုများကြောင့် မိခင်ဘာသာစကား၏ နယ်ပယ်တွင် မိခင်ဘာသာ စကားတွင် အစားထိုးဝင်ရောက် အသုံးပြုမှုကို အထူးသတိပြုရမှာ ဖြစ်ပါသည်။ မိခင်ဘာသာစကား နေရာတွင် အစားထိုးသုံးနှုန်းမှုကိုမပြုဘဲ ရောနှောအသုံးပြုရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာစကား ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် စကားလုံးသစ်ဖွံ့ဖြိုးတိုးတက်မှုကို လက်ခံကြိုဆိုရမည့် ကောင်းကျိုးရှိသကဲ့သို့ မိခင်ဘာသာစကားကိုလည်း ထိန်းသိမ်း စောင့်ရှောက်ရမည့် သတိပြုစရာများ လည်း ရှိပါသည်။

## နိဂုံး

မြန်မာဘာသာစကားတွင် ဘာသာစကားပြောင်းလဲ မှုကြောင့်ဖြစ်ပေါ်လာသည့် ပြင်ပပြောင်းလဲမှု ဆိုင်ရာ စကားလုံးသစ်များ ဖွံ့ဖြိုးတိုးတက်မှုကို တွေ့ရှိရပါသည်။ ဘာသာစကားပြောင်းလဲမှု၏ ပြင်ပ ပြောင်းလဲမှုကြောင့် တိုးပွားလာသည့် စကားလုံးသစ်များသည် ဘာသာစကား ထိတွေ့မှုများလေလေ ပြောင်းလဲမှုများလေလေ စကားလုံးတိုးပွားမှုများလေလေဖြစ်ပါသည်။ ထို့ကြောင့် ခေတ်အဆက်ဆက် တိုးတက်ဖွံ့ဖြိုးလာမည့် စကားလုံးသစ်များကို မိခင်ဘာသာစကားနေရာတွင် အစားထိုးအသုံးပြုမှုကို သတိပြု၍ မိခင်ဘာသာစကားနှင့်အတူ ယှဉ်တွဲအသုံးပြုမှသာ စကားလုံးတိုးတက် ဖွံ့ဖြိုးနိုင်မည်ဖြစ် သည်ကို အထူးသတိပြု ထိန်းသိမ်းစောင့်ရှောက် အသုံးပြုကြရမည်ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ လူမှုဘာသာဗေဒမိတ်ဆက်။ စမ်းချောင်းပညာ တန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၅)။ ဘာသာစကားသုတ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ဘာသာစကားရောသုံးခြင်း သုတပေဒသာ၊ အတွဲ (၃၇)၊ အမှတ် ၁ ၂၈–၃၁။+

Advanced Learner's Dictionary. (2015). ***Oxford (9th ed).*** Oxford University Press.

Crystal, David. (2008). ***Dictionary of Linguistics and Phonetics.*** **(**5th **ed)**. victoria: Blackwell Publishing Ltd.

Swan, J, Ana Deumert. (1988). ***A Dictionary of Sociolinguistic.*** Edinburgh University Press.